# 8 ထောက်ပံ့ကူညီပေးခြင်း

(2) ပညာသင်ဆု

**･အထက်တန်းကျောင်းသားအတွက်ပညာသင်ဆု**

အထက်တန်းကျောင်းနှင့် အထက်တန်းအဆင့်သက်မွေးပညာသင်ကျောင်းတွင် ပညာသင်ယူနေသော သူသည် ပညာဆည်းပူးလိုစိတ်ပြင်းထန်သော်လည်း စီးပွားရေး အခြေအနေအရ မတတ်နိုင်သူဖြစ်ပါက ထိုသူအတွက် ခရိုင်အစိုးရမှ ပညာသင်ဆုပေးသည့်စနစ်ရှိသည်။ ပညာသင်ဆုသတ်မှတ်ချက်နှင့် ပညာသင်ဆုငွေကြေးပမာဏစသည့် အချက်များသည် ခရိုင်အလိုက်ကွဲပြားသည်။ အသေးစိတ်ကို ပညာသင်နေသော ကျောင်းတွင် မေးမြန်းပါ။

**･ကောလိပ်၊ သက်မွေးပညာသင်ကျောင်း၊တက္ကသိုလ်ကျောင်းသားများအတွက်ပညာသင်ဆု**

ကောလိပ်၊ သက်မွေးပညာသင်ကျောင်း၊ တက္ကသိုလ်ကျောင်းသားများအတွက် ပညာသင်ဆုစနစ်တွင် ဂျပန်ကျောင်းသား ထောက်ပံ့ရေးအဖွဲ့၏ ပညာသင်ဆုရှိသည်။ ပညာသင်ဆုချေးငွေပမာဏသည် ကျောင်းသား၏ အခြေအနေတွင် မူတည်၍ ကွဲပြားသည်။ ထို့အပြင် အတိုးရှိသည့်ပညာသင်ဆုနှင့် အတိုးမရှိသည့်ပညာသင်ဆု ဟူ၍ ၂မျိုးရှိသည်။ အသေးစိတ်ကို ကျောင်းရှိ ပညာသင်ဆုဌာနတွင် မေးမြန်းပါ။

**･ပညာတော်သင် နိုင်ငံခြားသားကျောင်းသားများအတွက်ပညာတော်သင်ဆု**

နိုင်ငံခြားသားများအတွက် ပညာတော်သင်ဆုတွင် ဂျပန်အစိုးရ(ပညာရေးဝန်ကြီးဌာန)၊ ဂျပန်ကျောင်းသားထောက်ပံ့မှုအဖွဲ့၊ ဒေသအစိုးရနှင့် နိုင်ငံတကာဆက်ဆံရေးအဖွဲ့မှ ပေးသော ပညာသင်ဆုများရှိသည်။ အထက်ပါစနစ်၏ အသေးစိတ်ကိုနှစ်စဉ်ဂျပန်ကျောင်းသားထောက်ပံ့မှုအဖွဲ့က ထုတ်ဝေသောစာစောင်တွင်ကြည့်ပါ။

http://www.jasso.go.jp/ryugaku/study_j/scholarships/brochure.html

- ပညာသင်ဆု

| လျှောက်နိုင်သူ | ပညာသင်ဆု | ဆက်သွယ်ရန် |
|---|---|---|
| အထက်တန်းကျောင်းသား/သူ | ခရိုင် ပညာသင်ဆု | ပညာသင်နေသောကျောင်း |
| ကောလိပ်၊သက်မွေးပညာသင် ကျောင်းနှင့် တက္ကသိုလ်ကျောင်းသား/သူ | ဂျပန်ကျောင်းသားထောက်ပံ့မှုအဖွဲ့ | ပညာသင်နေသောကျောင်း၏ ပညာသင်ဆုဌာန |
| ပညာတော်သင် နိုင်ငံခြားသားကျောင်းသား/သူ | ဂျပန်အစိုးရ(ပညာရေးဝန်ကြီးဌာန)ပညာသင်ဆု | နိုင်ငံခြားဝန်ကြီးရုံး (နိုင်ငံခြားရှိ ဂျပန်သံရုံး၊ ကောင်စစ်ဝန်ရုံး) (သို့) ဂျပန်တွင်ရှိ တက္ကသိုလ်များ |
| | ဂျပန်ကျောင်းသားထောက်ပံ့မှုအဖွဲ့ပညာသင်ဆု | |

## ၂ ပညာရေး

၂ ပညာရေး ထိပ်သို့

| လျှောက်နိုင်သူ | ပညာသင်ဆု | ဆက်သွယ်ရန် |
|---|---|---|
| | ပညာရေးဝန်ကြီးဌာန နိုင်ငံခြားသား ပညာတော်သင် လေ့လာသင်ယူမှု ထောက်ပံ့စရိတ် (ပညာတော်သင်လက်ခံမှု အားပေးရေး အစီအစဉ်) | တက်နေသည့် ဂျပန်ကျောင်း (တက္ကသိုလ်၊ ဂျပန်ဘာသာသင်ကျောင်း) |
| | နိုင်ငံခြားပညာတော်သင်ထောက်ပံ့ရေး စနစ် (သဘောတူစာချုပ်နှင့် လက်ခံခြင်း) ထောက်ပံ့ဆု | ဂျပန်တွင်ရှိ တက္ကသိုလ်များ |
| | ဒေသအစိုးရနှင့်နိုင်ငံတကာဆက်ဆံရေးအဖွဲ့ ပညာသင်ဆု | နယ်အစိုးရ(သို့)ကျောင်း |
| | ပုဂ္ဂလိက အဖွဲ့အစည်း ပညာသင်ဆု | သက်ဆိုင်ရာအဖွဲ့အစည်း |

ဂျပန်ကျောင်းသားထောက်ပံ့မှုအဖွဲ့အစည်း၏(ဂျပန်ပညာသင်ဆုစာစောင်)မှထုတ်ယူသည်။